# MAPCO NEWSLETTER

MYANMAR AGRIBUSINESS PUBLIC CORPORATION LIMITED (**MAPCO**)

www.mapcom.mm

Vol: 2, Issue: 4 2013


သင့်အနာဂတ် ကြွယ်ဝချမ်းသာဖို့ ယုံကြည်စိတ်ချရတဲ့ရင်းနှီးမြှုပ်နှံမှု

**Your trusted investment avenue for better financial future!**



## မြန်မာနိုင်ငံ MAPCO မှ နှစ်ပေါင်း ၄၀ ကျော်အတွင်း ပထမအကြိမ် ဂျပန်နိုင်ငံသို့ တန်းမြင့်ဆန် တင်ပို့ခြင်း

Your complimentary copy-NEWSLETTER

# ရှေ့တွင်း ငွေတွင်း ပယင်း ဒုတ္ထာနှင့် စိန်ခေါ်မှုပေါင်းများစွာ

ကိုလိုနီခေတ်က "လာမယ့် ဘေးပြေးတွေ့" ဆိုတဲ့စကားရှိပါသည်။ နိုးကြားတက်ကြွသောလူငယ်နိုင်ငံရေးသမားများက "လာမယ့်ဘေးပြေးတွေ့" လို့ ပြောကြတော့ အသက်အရွယ်အတွေ့ အကြုံအရနိုင်ငံရေးသမားကြီးများက "လာမယ့်ဘေးပြေးတွေ့ဘို့ မလိုပါဘူး ၊ ရောက်လာမယ့်ဘေးကို အောင်မြင်စွာကျော်လွှားနိုင်ဘို့ အဆင်သင့်ပြင်ဆင်ထားဘို့သာလိုပါတယ်" လို့ပြောခဲ့ကြပါသည်။

ယနေ့မျက်မှောက်ကာလတွင် "စိန်ခေါ်မှု" ဆိုတဲ့စကားအလွန်ခေတ်စားနေသည်။လက်ရှိအစိုးရသစ်လက်ထက် ဆောင်ရွက်လေသမျှ "စိန်ခေါ်မှု" နှင့်ချည်းတွေ့နေရသည်။စိန်ခေါ်မှုပေါင်းများစွာ၊ အကျပ်အတည်းပေါင်းများစွာ၊စွန့်စားမှုပေါင်းများစွာဖြင့် မှတ်ကျောက်တင်ခံနေရသည့်ကာလ ဟုပင်ဆိုချင်ပါသည်။ တစ်ခေတ်တစ်ခါက မြန်မာ့လက်ဝှေ့လောကတွင် ရေပန်းစားခဲ့သည့်စိန်ခေါ်သံတစ်ပိုင်း တစ်စ အမှတ်ရမိပါသည်။

> ယနေ့မျက်မှောက်ကာလတွင် 'စိန်ခေါ်မှု' ဆိုတဲ့ စကားအလွန်ခေတ်စားနေသည်။ လက်ရှိအစိုးရသစ်လက်ထက်ဆောင်ရွက်လေသမျှ 'စိန်ခေါ်မှု' နှင့်ချည်းတွေ့နေရသည်။ စိန်ခေါ်မှုပေါင်းများစွာ ၊ အကျပ်အတည်းပေါင်းများစွာ၊ စွန့်စားမှုပေါင်းများစွာဖြင့် မှတ်ကျောက်တင်ခံနေရသည့်ကာလ ဟုပင်ဆိုချင်ပါသည်။

"စိန်ခေါ်ရင်တိမ်ပေါ်ထိလိုက်မယ့်၊ ဘက်တူရင် လူမရွေးပါဘု၊ ကြက်တူရွေးတောင်ရွာက၊တက်လူလေးအောင်သာကွ" တဲ့။ ပြိုင်ဘက်ကို ကြိုးဝိုင်းအတွင်းက လက်ခမောင်းခတ်သံ တဖျောင်းဖျောင်းနှင့်စိန်ခေါ်နေသံကိုကြားရသူပရိသတ်အပေါင်း၊အားရဝမ်းသာ ရဲစိတ်ရဲမာန်တွေတဖွားဖွားနှင့် ဝီရရသမြောက်လိုက်ပုံများ

ယနေ့အခြေအနေမှာ "ဘက်တူရင် ၊ လူမရွေးပါဘု" လို့ကိုပြောမရတော့တဲ့ အခြေအနေ၊ ဘက်တူတူ မတူတူ စိန်ခေါ်ရင်တိမ်ပေါ်အထိ တက်ရတော့မယ့်အချိန် (sense of no alternative) မြန်မာနိုင်ငံအနေနှင့် Technologies, Human Resources, Mismanagement , Education နှင့် Health စသည့်စိန်ခေါ်မှုပေါင်းစုံနှင့်ရင်ဆိုင်နေရသည်။စိန်ခေါ်မှုသည်အမှန်တကယ်စွမ်းရည်ရှိမရှိ စမ်းသပ်ခြင်း လည်းမည်သည့်ရှောင်၍မရသည့်စိန်ခေါ်မှုကိုအောင်မြင်စွာကျော်လွှားနိုင်ရန်သာပြင်ဆင်ကြဖို့လိုသည်။မကြာမီ (AFTA) အက်ဖ်တာ ဝင်လာတော့မည်။

"အက်ဖ်တာ" "အက်ဖ်တာ" ဟူသောစိန်ခေါ်မှုသည်မြန်မာတစ်မျိုးသားလုံးနှင့်ပတ်သက်၍အက်ဖ်တာကိုဦးဆောင်ဖြေရှင်းသူ အဆုံးအဖြတ် ပေးသူတို့၏ကိုင်တွယ်ဖြေရှင်းပုံ ၊ဖြတ်သန်းကျော်လွှားပုံစနစ်မကျပါက သို့မဟုတ် ရင်ဆိုင်ဖြေရှင်းပုံစွမ်းဆောင်ရည် နိမ့်ကျပါက စက်ရုံအလုပ်ရုံတစ်ခု လုပ်ငန်းတစ်ခုပျက်စီးဆုံးရှုံးရုံမျှမက တစ်မျိုးသားလုံး၏ လူမှုစီးပွားရေး၊ကျန်းမာရေး စသဖြင့်ကဏ္ဍစုံမှပေးဆပ်ရဖွယ်ရှိသည်။ သို့ဖြစ်၍စီမံခန့်ခွဲသည့်ရုံးဌာနများမှစ၍စက်ရုံအလုပ်ရုံ လုပ်ငန်းခွင်အားလုံး အစဉ် evaluation လုပ်နေကြရမည်ဖြစ်သည်။ manufacturing ဖြစ်စေ production business operation ဖြစ်စေ၊ delivery process ဖြစ်စေ evaluate လုပ်နေရမည်ဖြစ်သည်။ AFTA (အက်ဖ်တာ) တွင် အဖွဲ့ဝင်နိုင်ငံအချင်းချင်းသာမက အာဆီယံနှင့်တရုတ်၊ အာဆီယံနှင့်အိန္ဒိယစသည်ဖြင့် ASEAN (Plus) တွေနှင့် လည်းယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ဈေးကွက်စီးပွားရေးစနစ်တွင်သူ့ပစ္စည်းကိုယ့်ပစ္စည်း ဈေးကွက်ဝေစုလုကြရမည်။ ဈေးကွက်သဘောအရ ဈေးနှုန်းကို ဈေးကွက်ကသာ စိုးမိုးချယ်လှယ်ပါသည်။ ဈေးနှုန်းကိုမိမိစိတ်ကြိုက်ပြဋ္ဌာန်းသတ်မှတ်၍မရပါ။ မိမိစိတ်ထင်သလို ဈေးနှုန်းသတ်မှတ်သည့် command economy သည်ကျဆုံးခဲ့ပြီးဖြစ်ပါသည်။

ပစ္စည်းတူ အရည်အသွေးတူနေလျှင် ဈေးသက်သာမှု ဈေးနှုန်းချိုသာမှုကို စားသုံးသူကရွေးချယ်ပေလိမ့်မည်။ အရည်အသွေးကောင်း၍ ဈေးနှုန်းမှန်သူ ဈေးကွက်ဝေစုပိုရမည်။ သို့ဆိုလျှင်ထုတ်လုပ်မှုစရိတ်လျှော့ချရမည်။ production cost ကို အနည်းဆုံးဖြစ်ရမည်။ production cost သည် minimize cost ဖြစ်နေစေရမည်။ Delivery process တွင်လည်း timely manner ဖြစ်နေစေရမည်။မိမိဘက်မှ အစဉ်အမြဲ customer effecting situation ဖြစ်နေဘို့လိုသည်။ ဤအချက်များပြည့်စုံစေရန်မိမိလုပ်ငန်း၊ မိမိစက်ရုံ အလုပ်ရုံ၏လုပ်ငန်းစဉ်တလျှောက်အရည်အသွေးမြင့်စံနှုန်းရှိနေစေရန်လိုအပ်ပါသည်။ သို့ဖြစ်၍ product quality system နှင့် process quality system တို့ကို မဖြစ်မနေကျင့်သုံးလာကြရပါသည်။ ကောင်းမွန်သော ကျင့်စဉ်များကျင့်သုံးခြင်းဖြင့် staff competence , employee attitude တို့တည်ဆောက်ပြီးဖြစ်စေပါမည်။ Total quality ရရှိရေးကြိုးပမ်းအားထုတ်မှုတွင် သုံးစွဲမည့်ကုန်ကြမ်းပစ္စည်းမှစ၍ supply chain တလျှောက် quality ရှိစေရေးဆောင်ရွက်နိုင်မှသာလျှင်လက်ဝယ်ရရှိပြီး ဈေးကွက်ဝေစုမရုတ်လျော့သွားရုံမက ဈေးကွက်ကို ပိုမိုတိုးချဲ့နိုင် မည်ဖြစ်ပါသည်။

ASEAN နိုင်ငံများ၏စီးပွားရေးအခြေခံများအပြင် အာဆီယံအပေါင်းနိုင်ငံများ၏ အခြေအနေများကိုပါ ကျွမ်းဝင်နှံ့စပ်ဖို့လိုအပ်သည်။ ဥပမာအားဖြင့် တရုတ်နိုင်ငံအနေနှင့်တစ်ချိန်က ထမင်းဝလင်အောင်မစားနိုင်၍ ဆန်ပြုတ်ကို quota နှင့်စားခဲ့ရသည့် အခြေအနေ ၊ ချမ်းလို့ခြုံစရာဂွမ်းစောင်တစ်ထည် အိမ်ထောင်စုတိုင်းမရှိ သည့်ဘဝမှသည် ယနေ့ ကမ္ဘာပေါ်တွင် လက်လီဈေးကွက်သတ္တမအကြီးဆုံးနိုင်ငံတစ်ခုဖြစ်လာသည်။ တရုတ်လုပ်ငန်းရှင်ကြီး

များက အသုံးအစွဲရမ်းမယ့်၊ကြမ်းမယ့် ကြီးထွားလာတဲ့ တရုတ်လူလတ်တန်းစားကို အားကိုးပြီး စူပါမားကတ်၊ ဟိုက်ပါမားကတ်ကြီးများအပြိုင်အဆိုင်ဖွင့်လာကြသည်။ မားကတ်ဆားဗေးများကလည်း စူပါ၊ ဟိုက်ပါမားကတ်ကြီးများတွင် လူစည်ကားယုံမက လူတစ်ဦး ငွေဘယ်လောက်ဖြုန်းသွားသလဲဆိုသည်ကို ဆာဗေးလုပ်ကြသည်။ ဤအချက်များသည် တရုတ်ပြည်သူလူထု၏ purchasing power ကိုဖော်ပြပါသည်။

တရုတ်ပြည်သည် အီလက်ထရောနစ်၊ ဂျင်နရေတာ၊ အဝတ်အထည်၊ ကလေးကစားစရာများနှင့် ကွန်ပျူတာဂိမ်းများကို အမေရိကန်သို့ အများဆုံးတင်ပို့နေသည့် ကမ္ဘာ့အကြီးဆုံး exporter နိုင်ငံဖြစ်လာသည်။ကုန်ထုတ်ပစ္စည်းတစ်ခုထုတ်လုပ်တိုင်း ၊ စီးပွားရေးလုပ်ငန်း တစ်ခုပြုမူတိုင်း target ထားရှိရပါသည်။ Target audience ကို ကြိုတင်ဆာဗေးလုပ်ကြရပါသည်။ တရုတ်စီးပွားရေးသည် ၂၀၂၇ ခုနှစ်တွင် US စီးပွားရေးပမာဏ ထက်သာလွန်သွားမည်ဟုခန့်မှန်းကြသည်။ ဤကဲ့သို့သော ပကတိအခြေအနေရှိသည့် တရုတ်နိုင်ငံနှင့် အခြားအာဆီယံ အဖွဲ့ဝင်နိုင်ငံများဆက်ဆံကြလိမ့်မည်။ import & export taxes,tariffs, inspective regulations, quota စသည်များ ဖယ်ရှားကြလိမ့်မည်။ ကန့်သတ်ကြမည်၊ လျှော့ချကြမည်။ သို့ဖြစ်၍ trade policy တွေပြည့်စုံအောင် လေ့လာကြရန်လိုအပ်ပါသည်။

အာဆီယံ၊ အက်ဖ်တာနယ်ပယ်ကျော်လွန်၍အခြား free trade နယ်ပယ်များကိုလည်း လေ့လာစေ့ငုထားကြရမည်ဖြစ်သည်။ လေ့လာမိသ၍ North American Free Trade Agreement (NAFTA) သည် အကြီးမားဆုံး free trade ဖြစ်သည်။ CAFTADR Free Trade တွင် အာဆီယံအဖွဲ့ဝင် စကာ်ပူပါဝင်နေခြင်းကိုလေ့လာတွေ့ရှိရမည်ဖြစ်သည်။ဥရောပအလယ်ပိုင်း Free Trade (CEFTA) ၊အာဖရိကအရှေ့နှင့် တောင်ဘက်နိုင်ငံများနှင့်ဖွဲ့စည်းထားသည့် (AFTZ) ၊ တောင်အာဖရိကဖွံ့ ဖြိုးတိုးတက်မှုအဖွဲ့အစည်း (SADC)၊ Common Market for Eastern & Southern Africa (COMESA)၊ Eastern African Community (EAC)၊ Economic Community of West African States (ECOWAS) စသည့် စသည့် လွတ်လပ်စွာကူးသန်းရောင်းဝယ်မှုဇုံတွေကိုလည်း မျက်ခြေမပြတ်ဖို့လိုပါသည်။ နိုင်ငံအချို့သည် အဖွဲ့အစည်းတစ်ချို့တွင် overlap ဖြစ်နေမှုကိုလည်းသတိပြုမိကြရန်လိုအပ်ပါသည်။

မြန်မာနိုင်ငံ၏အားသာချက်ဖြစ်သည့် လုပ်သားအင်အားရှိခြင်း၊ မြေပေါ်မြေအောက် သယံဇာတများရှိနေခြင်းနှင့် ပထဝီနိုင်ငံရေးအခြေအနေ အားကောင်းခြင်းများကြောင့်မိမိလက်ဝယ်ရှိနေသည့် အားသာချက် အခွင့်အလမ်းများကို စည်းလုံးညီညွတ်မှုနှင့် ပေါင်းစပ်ပြီး စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှား ရမည်ဖြစ်ပါသည်။

ဘက်ပေါင်းစုံစိန်ခေါ်မှုများပတ်လည်ဝိုင်းနေသည့် ခေတ်တွင် လယ်ယာကဏ္ဍနှင့် လယ်ယာစီးပွားရေး အခန်းကဏ္ဍတွင် ဦးဆောင်အခန်းမှပါဝင်ရန် မျှော်မှန်းချက်ချမှတ်ထားသည့် MAPCO တွင်လည်းစိန်ခေါ်မှုများရှိနေပါသည်။ MAPCO သည် အများပိုင်ကုမ္ပဏီ၏ လုပ်ငန်းစဉ်များကို တိကျစွာလိုက်နာဆောင်ရွက်နေသော entrepreneurship ဖြစ်သည်။ ကုမ္ပဏီထူထောင်စ ကာလကိုအောင်မြင်စွာအရှိန်ယူဖြတ်ကျော်ပြီး “လေဟုန်စီးကာလ” သို့ရောက်ရှိချိန်တွင် “ရွှေတွင်းငွေတွင်း ပယင်းဒုတ္တာ” ဟုပင် တင်စားနိုင် လောက်သည့် အများပိုင်ကုမ္ပဏီကြီးများသည် ထူထောင်ဆဲ တည်ဆောက်ဆဲ “အရှိန်ယူစ ကာလ” တွင်ရင်းနှီးမြှုပ်နှံသူများ၏ မျှော်လင့်ချက်ဖြစ်သော “အမြတ်ဝေစု” ထိုက်တန်စွာပေးနိုင်ရေးသည် အထူးကြိုးပမ်း အားထုတ်ရသော စိန်ခေါ်မှုပင်ဖြစ်ပါသည်။

အများပိုင်ကုမ္ပဏီ(Plcs) များ၏တိုးတက်ဖွံ့ ဖြိုးမှုနှင့်စတော့အိတ်ချိန်းဈေးကွက်သည် တိုက်ရိုက်အချိုးကျပါသည်။ အများပိုင်ကုမ္ပဏီ (Plcs) များတိုးတက်ဖွံ့ဖြိုးရန်မှာ ခွင့်ပြုမတည်ရင်းနှီးငွေပြည့်ဝစွာ စုဆောင်းရရှိရန်လိုအပ်ပါသည်။သတ်မှတ်ကာလအတွင်း အရင်းအနှီးငွေကြေးပြည့်စုံမှသာ လုပ်ငန်းကြီးများအချိန်တိုကာလအတွင်းတည်ထောင်ပြီး ကုန်စည်နှင့်ဝန်ဆောင်မှုများ ထုတ်လုပ်ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ အရင်းအနှီးငွေကြေးပြည့်စုံရေးအခြားနည်းလမ်းတစ်ရပ်ဖြစ်သည့် corporaization အစီအစဉ်ကို အမြန်ဆုံးအကောင်အထည်ဖော်ရန် လည်းလိုအပ်ပါသည်။ စီးပွားရေးလုပ်ငန်းများ၏ထူထောင်ချိန်တိုတောင်းလေအကျိုးစီးပွားပြန်ရချက်မြန်ဆန်လေဖြစ်ပါသည်။

အနှစ်ချုပ်အားဖြင့်မည်သည့်စိန်ခေါ်မှု၊ အကြပ်အတည်းကိုမဆို အောင်မြင်စွာကျော်လွှားနိုင်ရန် အွန္တိမ ပဓာဏအကျဆုံးသောလိုအပ်ချက်မှာ “မိမိ ၏ ပကတိအခြေအနေကိုကောင်းစွာသိထားရန်” ပင်ဖြစ်ပါသည်။ သို့ဖြစ်၍ MAPCO အများပိုင်ကုမ္ပဏီ၏ အကြီးမားဆုံးစိန်ခေါ်မှုမှာ -

**ကုမ္ပဏီများအက်ဥပဒေကို ကာလ၊ ဒေသ ၊ ပယောဂများနှင့် ညီညွတ်မှုရှိစေရန်လိုအပ်သလို ပြင်ဆင်ပေးနိုင်ရေးပင်ဖြစ်ပါသည်။**

သူရ (IRD)

MYANMAR AGRIBUSINESS PUBLIC CORPORATION LIMITED (MAPCO)

# ဂျပန်နိုင်ငံMitsui & Co.,Ltd နှင့်ပူးပေါင်း၍မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက်(MAPCO)မှ ဂျပန်နိုင်ငံသို့ ပထမဆုံးအကြိမ် ဆန်တန်ချိန်(၅၀၀၀) တင်ပို့ ပြီးစီးခြင်းအထိမ်းအမှတ် အခမ်းအနားကျင်းပခြင်း။

နှစ်ပေါင်း(၅၀)ကျော်အတွင်း မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက်(MAPCO) နှင့် ဂျပန်နိုင်ငံMitsui & Co.,Ltd တို့ပူးပေါင်း၍ ပထမဆုံးအကြိမ် ဂျပန်နိုင်ငံသို့ဆန်တန် (၅၀၀၀)တင်ပို့ပြီးစီးခြင်းအထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ကုန်သည်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)တွင် ၂၀၁၃ ခုနှစ်မေ လ ၄ ရက်နေ့ကကျင်းပ





ပြုလုပ်ခဲ့ပါသည်။ အဆိုပါအခမ်းအနားသို့ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးမြင့်ဆွေ နှင့် ဂျပန်နိုင်ငံသံအမတ်ကြီး၊ ဂျပန်နိုင်ငံစိုက်ပျိုးမွေးမြူရေးနှင့် သစ်တောဝန်ကြီးဌာနမှ အရာရှိကြီးများ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်မှ ဗဟိုအလုပ်မှုဆောင်များ မြန်မာနိုင်ငံလယ်ယာ စီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်မှ ဥက္ကဋ္ဌဦးချစ်ခိုင်၊ မန်နေဂျင်းဒါရိုက်တာဦးရဲမင်းအောင်၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတောင်သူလယ်သမားအသင်းဥက္ကဋ္ဌ ဒေါက်တာစိုးထွန်း၊ Mitsui & Co.,Ltd မှChief Executive Officer Mr. Yamauchi၊ Managing Officer Mr. Suzuki နှင့်တာဝန်ရှိသူများ၊ သတင်းမီဒီယာများတက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့် မှအဖွင့် အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီး ဦးမြင့်ဆွေမှ ဂုဏ်ပြုအမှာစကား ပြောကြားပါသည်။ ထိုနောက် မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက် ဥက္ကဋ္ဌဦးချစ်ခိုင် မှ မြန်မာနိုင်ငံ၏ဆန်တင်ပို့မှုကို သုံးသပ်ကြည့်လျှင် တန်းနိမ့်ဆန် ၂၅% ဆန်တင်ပို့ရောင်းချမှုသည် စုစုပေါင်းဆန်ပို့ကုန်ပမာဏ၏၉၀% ခန့်ဖြစ်နေကြောင်း တန်းနိမ့်ဆန် ၂၅% ကိုပမာဏများများ တင်ပို့နေရလို့ဈေးနှုန်းအနိမ့်သာရရှိကြောင်း ဈေးနိမ့်ရတဲ့အတွက် ပို့ကုန် ပမာဏတန်ဖိုးလျော့နည်းတာကိုတွေ့ရှိရကြောင်း တန်ဖိုးမြှင့်ဆန်များတိုးတက်ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ဖို့လိုအပ်ကြောင်း၊ သို့မှသာ ပို့ကုန်တန်ဖိုး တိုးတက်ပြီး တိုင်းပြည်ဝင်ငွေပိုမိုရရှိမှာဖြစ်သလို ဆန်စပါးကဏ္ဍမှာပါဝင်ပတ်သက်နေသော တောင်သူလယ်သမား၊ စက်ပိုင်၊ ကုန်သည်အားလုံး ဝင်ငွေ ပမာဏတိုးတက်လာမှာဖြစ်ကြောင်း သို့ဖြစ်၍ MAPCO နှင့် Mitsui တို့ပူးပေါင်း၍မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အချိန်တိုအတွင်းမှာ အထူး အလေးပေးဆောင်ရွက်သွားမှာဖြစ်ကြောင်းပြောကြားပါသည်။ ထို့နောက် အမှတ်တရလက်ဆောင်များအပြန်အလှန်ပေးအပ်ကြပြီး ဂုဏ်ပြုနေ့လည်စာဖြင့်တည်ခင်း ဧည့်ခံခဲ့ပါသည်။

(သိန်းကိုကို)

MYANMAR AGRIBUSINESS PUBLIC CORPORATION LIMITED (MAPCO)





# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ပထမအကြိမ်ညီလာခံနှင့် အမှုဆောင်အသစ်များပြန်လည် ရွေးချယ်ခြင်း အခမ်းအနား






မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ပထမအကြိမ်ညီလာခံနှင့်အမှုဆောင်အသစ်များ ပြန်လည်ရွေးချယ်ခြင်းအခမ်းအနားကို ၂၀၁၃ ဇွန်လ ၂ရက်နေ့နံနက်(၉း၀၀)နာရီအချိန်တွင် ကုန်သည်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် UMFCCI မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ စိုက်ပျိုးထုတ်လုပ်သူကဏ္ဍမှ အသင်းဝင်ကိုယ်စားလှယ်များ၊ ကုန်သွယ်မှုကဏ္ဍမှ အသင်းဝင်ကိုယ်စားလှယ်များ၊ ကြိတ်ခွဲရေးကဏ္ဍမှအသင်းဝင်ကိုယ်စားလှယ်များနှင့်ညီနောင်အသင်းများဖြစ်သော မြန်မာနိုင်ငံတောင်သူလယ်သမားအသင်း၊ မြေသြဇာမျိုးစေ့နှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များအသင်းတို့မှအသင်းဝင်ကိုယ်စားလှယ်များ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် သတင်းမီဒီယာများ တက်ရောက်ခဲ့ကြပါသည်။ ထို့နောက်မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင် မှ နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ဗဟိုအလုပ်အမှုဆောင်အလုပ်အမှုဆောင်များအားလုံးနှုတ်ထွက်ကြပါသည်။ထို့နောက် ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာမြင့်သိန်းမှ အမှာစကားပြောကြားပြီးနောက် အတွင်းရေးမှူးမှ ဖြန့်ဝေထားသော ရွေးကောက်ပုံနည်း စနစ်များကို ထပ်မံရှင်းလင်းတင်ပြပြီးတက်ရောက်လာသောကိုယ်စားလှယ်များမှ သိရှိလိုသည်များကို မေးမြန်းကြ၍ပြန်လည်ရှင်းလင်းတင်ပြပါသည်။ ထို့နောက်တက်ရောက်လာသောအထွေထွေညီလာခံကိုယ်စားလှယ်(၂၁၀)ဦးမှ ဗဟိုအလုပ်အမှုဆောင် ကောင်စီကို ကဏ္ဍအလိုက်ရွေးချယ်တင်မြှောက်ကြရာတွင် ဖွဲ့စည်းပုံအရ အလိုအလျောက်ပါဝင်လာမည့် ပုဂ္ဂိုလ်များကို ကြေငြာပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ဗဟိုအလုပ်အမှုဆောင်ကောင်စီဝင် (၂၄) ဦးစီကို မဲဆန္ဒဖြင့်ရွေးချယ်ခဲ့ကြပါသည်။ ထို့နောက်ရွေးချယ်ခံဗဟိုအလုပ်အမှုဆောင်ကောင်စီဝင် (၁၁၉)ဦး၏အမည်စာရင်းကို ကြေညာပြီး စီမံခန့်ခွဲရေးကော်မတီဝင်(၄၀)ဦးကိုဆန္ဒမဲဖြင့်ဆက်လက်ရွေးချယ်ခဲ့ပါသည်။ထို့နောက် စီမံခန့်ခွဲရေးကော်မတီ၏ရာထူးတာဝန်များကို အထွေထွေညီလာခံကိုယ်စားလှယ်(၂၁၀)ဦးမှ မဲပေးရွေးချယ်ခဲ့ကြရာ စီမံခန့်ခွဲရေးကော်မတီရာထူးတာဝန် (၁၆)ဦးတို့ကို ဆန္ဒမဲပေး၍ ရွေးချယ်ခဲ့ပါသည်။ ထို့နောက် ညစာဖြင့်တည်ခင်းဧည့်ခံပြီး ၂၀း၃၀နာရီတွင် အောင်မြင်စွာရုပ်သိမ်းခဲ့ပါသည်။

(ထွန်းလင်းတင့်)


“ အဆိုပါအခမ်းအနားသို့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ စိုက်ပျိုးထုတ်လုပ်သူကဏ္ဍမှ အသင်းဝင်ကိုယ်စားလှယ်များ၊ ကုန်သွယ်မှုကဏ္ဍမှ အသင်းဝင်ကိုယ်စားလှယ်များ ကြိတ်ခွဲရေးကဏ္ဍမှ အသင်းဝင်ကိုယ်စားလှယ်များနှင့် ညီနောင်အသင်းများဖြစ်သော မြန်မာနိုင်ငံတောင်သူလယ်သမားအသင်း၊ မြေသြဇာမျိုးစေ့နှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များအသင်းတို့မှ အသင်းဝင်ကိုယ်စားလှယ်များ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် သတင်းမီဒီယာများ တက်ရောက်ခဲ့ကြပါသည်။ ”







# မြန်မာနိုင်ငံမှ ဂျပန်သို့ နှစ်ပေါင်း ၄၀ ကျော်အတွင်းပထမအကြိမ် ဂျပန်နိုင်ငံသို့ဆန်တင်ပို့ခြင်း

> မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှုများနှင့်အညီ ကမ္ဘာ့ဈေးကွက်တွင် မြန်မာ့ဆန်နေရာတစ်နေရာဝင်ရောက်နိုင်ရန်အတွက်အာရှနိုင်ငံများအထိပါဈေးကွက်ထိုးဖောက်နိုင်ရန်ချိတ်ဆက်ရောင်းချခဲ့ပါသည်။

Myanamr Agribusiness Public Corporation (MAPCO) Ltd အနေဖြင့် မြန်မာ့လယ်ယာထွက်ကုန်သီးနှံတစ်ခုဖြစ်သော အရည်အသွေးစံချိန်စံနှုန်းမြင့်မားသောတန်းမြင့်ဆန်များအား ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နေရာယူနိုင်ရန်အတွက် အနောက်အာဖရိကနိုင်ငံများသို့ မြန်မာ့ဆန်တန်ချိန် (၇၀၀၀၀)ကျော်ခန့်ကို တင်ပို့ခဲ့ပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများနှင့်အညီ ကမ္ဘာ့ဈေးကွက်တွင် မြန်မာ့ဆန်နေရာတစ်နေရာဝင်ရောက်နိုင်ရန်အတွက် အာရှနိုင်ငံများထိပါဈေးကွက်ဖိုးဖောက်နိုင်ရန်အတွက်ချိတ်ဆက်ရောင်းချခဲ့ပါသည်။ ဂျပန်နိုင်ငံလယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့်ငါးလုပ်ငန်းဝန်ကြီးဌာန (Ministry of Agriculture , Forestry and Fisheries of Japan ) နှင့် Mitsui & Co.,Ltd ပူးပေါင်း၍ မြန်မာ့ဆန်များကို ကနဦးအဖြစ် Global တင်ဒါစနစ်တင်သွင်းယှဉ်ပြိုင်ရန်ဖိတ်ခေါ်ရာတွင် MAPCO မှတင်ဒါအောင်ခဲ့၍ဆင်းသွယ်လတ်အမျိုးအစားဆန် တန်ချိန် (၅၀၀၀)အားဂျပန်နိုင်ငံသို့ပထမဦးဆုံးအကြိမ် တင်ပို့ရောင်းချနိုင်ခဲ့ပါသည်။ အဆိုပါတန်းမြင့်ဆန်များအား Asia World ဆိပ်ကမ်းမှ ၁.၆.၂၀၁၃ ရက်နေ့တွင်ထွက်ခွာခဲ့ပြီးဖြစ်ပါသည်။

ဂျပန်နိုင်ငံအနေဖြင့် ယခုကဲ့သို့ မြန်မာနိုင်ငံ၏တန်းမြင့်ဆန်များအားနှစ်စဉ်ပုံမှန် တန်ချိန်(၁၀၀၀၀)မှ (၅၀၀၀၀)အထိ တိုးမြှင့် ဝယ်ယူတင်သွင်းသွားမည်ဖြစ်ကြောင်း၊မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် နည်းပညာဆိုင်ရာအကူအညီများ၊ လယ်ယာထွက်ကုန်များသိုလှောင်ရန် အခြေခံအဆောက်အအုံများတည်ဆောက်ရာတွင်လည်းကောင်း MAPCO နှင့်ပူးပေါင်းဆောင်ရွက်နေမှုများ ရှေ့လုပ်ငန်းစဉ်များ ရှေ့လုပ်ငန်းစဉ်များကိုအရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဟန်စုယဉ်)








# မြန်မာနိုင်ငံတောင်သူလယ်သမားအသင်း (MFA) ၏ "တောင်သူလယ်သမားအကျိုးစီးပွားမြှင့်တင်ရေးဥပဒေ" နှင့်ပတ်သက်သောအစည်းအဝေး ကျင်းပ




MYANMAR AGRIBUSINESS PUBLIC CORPORATION LIMITED (MAPCO)

မြန်မာနိုင်ငံတောင်သူလယ်သမားအသင်း (MFA) သည် တောင်သူလယ်သမားအကျိုးစီးပွားမြှင့်တင်ရေးဥပဒေနှင့်ပတ်သက်သောအစည်းအဝေးကို ရန်ကုန်မြို့မင်းရဲကျော်စွာလမ်းရှိ Panda Hotel ၌ ၂၅-၅-၂၀၁၃ ရက်နံနက် (၉းဝဝ)နာရီအချိန်တွင်ကျင်းပခဲ့ပါသည်။အဆိုပါအခမ်းအနားသို့မြန်မာနိုင်ငံတောင်သူလယ်သမားအသင်းနာယက ဦးချစ်ခိုင်၊ ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင် ၊ ဒုဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊တိုင်းနှင့်ပြည်နယ်ရှိ တောင်သူလယ်သမားများ တက်ရောက်ကြပါသည်။ အခမ်းအနားတွင် မြန်မာနိုင်ငံတောင်သူလယ်သမားအသင်းနာယကဦးချစ်ခိုင်မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံတောင်သူလယ်သမားအသင်းဥက္ကဋ္ဌဒေါက်တာစိုးထွန်း မှ "တောင်သူလယ်သမား အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ " နှင့်ပတ်သက်သော အကြောင်းအရာများကိုရှင်းလင်းတင်ပြသွားပါသည်။ ထို့နောက်တက်ရောက်လာသောတောင်သူလယ်သမားများမှ "တောင်သူလယ်သမားအကျိုးစီးပွားမြှင့်တင်ရေးဥပဒေ" နှင့်ပတ်သက်၍အပြန်အလှန်ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးရှိ တောင်သူလယ်သမားသမဂ္ဂအသင်းမြန်မာနိုင်ငံတောင်သူလယ်သမားအသင်းသို့အသင်းဝင်လျှောက်လွှာစုစုပေါင်း(၃၂၈) စောင်ပေးအပ်ခဲ့ပါသည်။ ထို့နောက်တောင်သူထောက်ကူသင်တန်း ၂/၂၀၁၃ သို့တက်ရောက်ခဲ့သည့်မြို့နယ် (၁၁)မြို့နယ်သို့ WFP မှလှူဒါန်းထားသော Tablet များအားပေးအပ်ကာ အခမ်းအနားကို နေ့လည် (၁၂)နာရီတွင်ရုပ်သိမ်းခဲ့ပါသည်။

(လွင်လွင်အောင် - MRF)

## မြန်မာ့နိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO) လီမိတက်၏ ရုံးခန်းပြောင်းရွှေ့မည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင် ကော်ပိုရေးရှင်း (MAPCO) လီမိတက်အား ၂၀၁၃ခုနှစ် ဩဂုတ်လအတွင်း လမ်းသစ် - မော်တင်နယ်မြေရှိ ယခင် ဖက်စပ် (၂) (ပထမထပ်) အဆောက်အဦ၊ ဆိပ်ကမ်းမြို့နယ်သို့ပြောင်းရွှေ့ဖွင့်လှစ်မည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ဆက်သွယ်ရန်ဖုန်းနံပါတ်များမှာ -

**၀၉ ၄၂ ၁၁၃ ၅၀၂၂၊ ၀၉ ၄၂ ၁၁၃ ၅၀၃၃၊ ၀၉ ၄၂ ၁၁၃ ၅၀၄၄ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။**

# မြန်မာနိုင်ငံတောင်သူလယ်သမားအသင်း(MFA) ၂/၂၀၁၃ တောင်သူသင်ထောက်ကူပြုသင်တန်းဆင်းပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်တက်ရောက်

MYANMAR AGRIBUSINESS PUBLIC CORPORATION LIMITED **(MAPCO)**




မြန်မာနိုင်ငံတောင်သူလယ်သမားအသင်း(MFA)သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ တောင်သူလယ်သမားများအတွက် လိုအပ်လျက်ရှိသော တောင်သူသင်ထောက်ကူပြုသင်တန်းကို လစဉ်ဖွင့်လှစ်ပေးလျက်ရှိရာ ၂/၂၀၁၃ တောင်သူသင်ထောက်ကူပြုသင်တန်းဆင်းပွဲကို ၉.၅.၂၀၁၃နေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ရိတ်သိမ်းချိန်လွန် နည်းပညာအသုံးချဌာနတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါသင်တန်းဆင်းပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌဦးချစ်ခိုင်၊ မြန်မာနိုင်ငံ တောင်သူလယ်သမားအသင်းဥက္ကဋ္ဌ ဒေါက်တာစိုးထွန်း ၊ မြန်မာနိုင်ငံလယ်ယာစီးပွားရေးနှင့်အများပိုင်ကော်ပိုရေးရှင်းလီမိတက် မန်နေဂျင်းဒါရိုက်တာဦးရဲမင်းအောင်နှင့် UNWFP တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပါသည်။ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးမှ အမှာစကားပြောကြားရာတွင် တောင်သူလယ်သမားများအတွက် ဆန်စပါးကိုင်တွယ်ထိန်းသိမ်းရေးနှင့်ပတ်သက်သော ကျင့်စဉ်ကောင်းများနှင့်တောင်သူတွေအနေဖြင့်လိုအပ်လျက်ရှိသောနည်းပညာ အသုံးချမှုများကိုစနစ်တကျနားလည်သဘောပေါက်နိုင်ရန် ယခုကဲ့သို့သောသင်တန်းမျိုးဖွင့်လှစ်ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်းနှင့် အဆိုပါသင်တန်းဖွင့်လှစ်နိုင်ရန်အတွက် အဖက်ဖက်မှကူညီပေးကြသော မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံတောင်သူလယ်သမားအသင်းနှင့် ငွေကြေးအားဖြင့်ပါဝင်ပေးပါသော အလှူရှင်များကိုကျေးဇူးတင်ရှိပါကြောင်း ပြောကြားသွားပါသည်။

ထို့နောက် မြန်မာနိုင်ငံလယ်ယာစီးပွားရေးနှင့်အများပိုင်ကော်ပိုရေးရှင်းလီမိတက်မှ မန်နေဂျင်းဒါရိုက်တာဦးရဲမင်းအောင်သည်တောင်သူသင်ထောက်ကူပြုသင်တန်းအတွက်အလှူငွေကို ပြည်ထောင်စုဝန်ကြီးသို့ပေးအပ်လှူဒါန်းခဲ့ပါသည်။ မြန်မာနိုင်ငံတောင်သူ လယ်သမားအသင်း ဥက္ကဋ္ဌဒေါက်တာဦးစိုးထွန်း မှလည်း တောင်သူတွေအနေဖြင့် သတင်းဆက်သွယ်မှုနည်းပညာအသုံးချနိုင်ရန်အတွက်WFP မှလှူဒါန်းထားသော Tablet များကို ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်ထံသို့ ပေးအပ်လှူဒါန်းခဲ့ကာ အခမ်းအနားကို ညနေ(၄)နာရီ တွင် ရုတ်သိမ်းခဲ့ပါသည်။

(လွင်လွင်အောင် - MRF)

## သီလဝါအထူးစီးပွားရေးဇုန်တွင် MAPCO မှ ပါဝင်ရင်းနှီးမြှုပ်နှံခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရမြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ပလစ်လီမိတက်(Myanmar SEZ Holding Ltd)အား ၂၀၁၃ ခုနှစ် မေလ (၃)ရက်နေ့တွင် ကနဦးတည်ထောင်သူ အများပိုင်ကုမ္ပဏီ (၉)ခုမှ ကိုယ်စားလှယ်များဖြင့်မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံဘက်မှ မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်(MAPCO) အပါအဝင်အခြားအများပိုင်ကုမ္ပဏီ(၈)ခုဖြင့် ပါဝင်ဖွဲ့စည်းတည်ထောင်ထားပါသည်။ဂျပန်နိုင်ငံဘက်မှMarubini,Mitsubishi နှင့် Sumitomo ကုမ္ပဏီကြီး(၃)ခု နှင့်ပူးပေါင်းပြီး သီလဝါအထူးစီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်မှုအများပိုင်ကုမ္ပဏီကြီးကို ဖက်စပ်လုပ်ငန်းအဖြစ်ထူထောင်ရင်းနှီးမြှုပ်နှံဆောင်ရွက်မည်ဖြစ်ပါသည်။

(ရှုကြိန်)

# MAPCO နှင့် Mitsui & Co.,Ltd (Japan) တို့ပူးပေါင်း၍ မိတ္တူကူးစက်သွားရောက်လှူဒါန်းခြင်း

၂၀၁၃ ခုနှစ် မေ လ ၄ရက်နေ့တွင်ကျင်းပပြုလုပ်သော လှည်းကူးမြို့တွင်ဖွင့်လှစ်သော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာန ရိတ်သိမ်းချိန်လွန်နည်းပညာဌာန ၌ တောင်သူအထောက်အကူပြု ဆန်စပါးစိုက်ပျိုးရေးနှင့် ကိုင်တွယ်ထိန်းသိမ်းမှု နည်းပညာသင်တန်း ၂/ ၂၀၁၃ သို့ မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်(MAPCO)နှင့် ဂျပန်နိုင်ငံ Mitsui & Co.,Ltd တို့ပူးပေါင်း၍ မိတ္တူကူးစက်နှင့် ကျပ်(၂၅) သိန်းအား သွား ရောက်လှူဒါန်းခဲ့ပါသည်။

(သိန်းကိုကို)



# MAPCO မှ ဝန်ထမ်းများအားအရည်အသွေးမြှင့်နိုင်ရန်အတွက် ISO 9001:2008 Awareness Course သင်တန်းပို့ချ




MAPCO မှ ဝန်ထမ်းများအားလုပ်ငန်းခွင်အတွင်းစီမံခန့်ခွဲမှုများတိုးတက်လာစေရန်၊ လုပ်ငန်းခွင်စဉ်ဆက်မပြတ်တိုးတက်ကောင်းမွန်လာစေရန် မှန်ကန်တိကျသောဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်၊အချက်အလက်များကိုလေ့လာသုံးသပ်နိုင်စေရန်၊ Supplier များနှင့် လက်တွဲလုပ်ဆောင်ရာတွင် နှစ်ဦးနှစ်ဖက်အကျိုးကျေးဇူးများရှိလာစေရန်အတွက် ရည်ရွယ်၍ ISO 9001:2008 Awareness Course သင်တန်းကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် UMFCCI ၌ မေလ ၁၁ ရက်နှင့် ၁၈ရက်များတွင် King Mongkut's University & Global Group (UK) တို့၏ Partnership ဖြစ်သော Global Greatness Co.,Ltd မှ ဒေါ်ဖြူဖြူဝင်း (MD) က လာရောက်ပို့ချပေးခဲ့ပါသည်။အဆိုပါသင်တန်းတွင် Quality Management System, Management Responsibility, Resource Management, Product Realization, Measurement Analysis and Improvement စသော ခေါင်းစဉ်များကို သင်ကြားပို့ချခဲ့ပါသည်။

(ဇာဇာ)

MYANMAR
AGRIBUSINESS
PUBLIC
CORPORATION
LIMITED
**(MAPCO)**

# တွံတေးမြို့နယ် IRCP Project Site Office ဖွင့်လှစ်ခြင်း




မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO)၏အဓိကလုပ်ငန်းတစ်ခု ဖြစ်သော အဆင့် မြင့် ဆန်စက်ကြီးများ၊ အဆင့်မြင့်ပေါင်းဆန်စက်ကြီးများ၊ စပါး silo များ၊ဖွဲနုဆီစက်ရုံများ၊ အခြောက်ခံစက်များ၊ သိုလှောင် ရုံများ စပါးခွံမှလျှပ်စစ်ဓာတ်အား စက်ရုံများနှင့် အခြားတန်းဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ အစရှိသော စက်ရုံများပါဝင်သည့် Integrate Rice Complex Project(IRCP) တည်ဆောက်ရန်အတွက် လုပ်ငန်းများ၏ ပထမအဆင့်ဖြစ်သည့်siteoffice တည်ဆောက်ခြင်းနှင့်အကြို Engineer လုပ်ငန်း များကို တွံတေးမြို့နယ် IRCP စက်ရုံမြေနေရာနှင့်နေပြည်တော် မြို့နယ် IRCP စက်ရုံမြေနေရာတို့တွင် ဆောင်ရွက်ပြီးစီး ခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင် အခြားမြို့နယ်များရှိ IRCP စက်ရုံမြေနေရာများကိုလည်း feasibility study ပြုလုပ်ခြင်းများ survey ပြုလုပ်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

(ရဲမင်းစိုး)

# တွံတေးမြို့နယ်အတွင်းရှိ ကျေးရွာကျောင်းများသို့ MAPCO မှ ကျောင်းသုံးစာရေးကိရိယာများထောက်ပံ့လှူဒါန်းခြင်း





မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO) မှ ၂၀၁၃ ခုနှစ် ဇွန်လ ၇ ရက်နေ့ တွင် တွံတေးမြို့နယ်ရှိ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးစာရေးကိရိယာများထောက်ပံ့ လှူဒါန်းပွဲသို့ MAPCO မှ တာဝန်ရှိသူများမှသွားရောက်ခဲ့ကြပါသည်။ ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးစာရေးကရိယာများ ထောက်ပံ့ လှူဒါန်းပွဲကို တွံ့တေးမြို့နယ် ကန်ဘဲ့ကျေးရွာ အ.ထ.က ကျောင်း တွင် ကျင်းပခဲ့ပါသည်။ ထိုလှူဒါန်းပွဲသို့တွံ့တေး မြို့နယ်အုပ်ချုပ် ရေးမှူး၊ ပညာရေးမှူးနှင့် အ.ထ.က ကန်ဘဲ့မှ ကျောင်းအုပ်ဆရာမကြီး တို့မှ တက်ရောက်ခဲ့ကြပါသည်။ ရှေးဦးစွာ အခမ်းအနားမှူးမှ အခမ်း အနားအစီအစဉ်များအား တင်ပြပြီးနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်မှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ထို့နောက် MAPCO မှ အကြံပေးအရာရှိ ဦးရှုကြိန်မှ ဒေသခံကျောင်းသား ကျောင်းသူကလေးငယ်များ၏ ပညာရေး လိုအပ်ချက်များအား မိမိတို့ကုမ္ပဏီမှ တတ်စွမ်းနိုင်သမျှထောက်ပံ့လှူဒါန်းရခြင်းဖြစ် ကြောင်းရှင်းလင်းတင်ပြပြီးနောက် အ.ထ.က ကျောင်း ကန်ဘဲ့မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်ဝင်းမှ ကျေးရွာများရှိ ကျောင်း သားကျောင်းသူများ၏ ပညာသင်ကြားရေးအခြေအနေများအား တက်ရောက်လာသူများသို့ ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို နောက် ကျောင်းသုံးစာရေးကိရိယာများအား အ.မ.က ကဘင်း၊ အ.မ.က ထော်ဘိုနှင့် အ.ထ.က ကန်ဘဲ့ကျောင်းတို့မှ ကျောင်းသား ကျောင်းသူများမှ လှူဒါန်းပစ္စည်းများအား တက်ရောက်လက်ခံ ခဲ့ကြပါသည်။ ထိုနောက် ကျောင်းအုပ်ဆရာမကြီးမှ ကျေးဇူးတင် စကားပြောကြားပြီး အခမ်းအနားအားရုပ်သိမ်းခဲ့ပါသည်။

(သူဇာ)





# မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ လမ်းညွှန်မှုဖြင့် MAPCO မှ သီလဝါဆိပ်ကမ်းတွင် Port & Grain Terminal တည်ဆောက်ခြင်း။

မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO) သည် နိုင်ငံတကာဈေးကွက်တွင် ရောင်းဝယ်ဖောက်ကားမှု အဆင်ပြေစေရန်အတွက် ရည်ရွယ်၍သီလဝါဆိပ်ကမ်း အကွက်နံပါတ် ၂၈ အား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ခွင့်ပြုချက်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၏ဦးဆောင်လမ်းညွှန်မှုဖြင့် Port & Grain Terminal ကိုတည်ဆောက်သွားမည်ဖြစ်ပါသည်။ အဆိုပါ Port & Grain Terminal သည် ၃၇ ဧက ခန့်ကျယ်ဝန်းပြီး၊ တည်ဆောက်ပြီးစီးသွားပါက ဆန်အပါအဝင် ကောက်ပဲသီးနှံပို့ကုန်များ အား နိုင်ငံတကာ ဈေးကွက်သို့ တင်ပို့ရောင်းချခြင်းတွင် အသုံးချသွားနိုင်မည်ဖြစ်သည်။ အဆိုပါ Port & Grain Terminalကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး MAPCO မှ သင့်တော်သောရင်းနှီးမြှုပ်နှံမှုများကို ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ရဲမင်းစိုး)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**
ရုံးအမှတ်(၃၂)၊ နေပြည်တော်

Myanmar Investment Commission

ဖက်(စ်) ၉၅-၆၇-၄၀၆၁၀၆၁     စာအမှတ်၊ရကာ-၆(က)/မ-ထွေ/၂၀၁၃( ၂၆၄၀ )
☎-၀၆၇-၄၀၆၁၃၉၊၄၀၆၁၃၆၂     ရက်စွဲ၊ ၂၀၁၃ ခုနှစ် မေ လ ၄ ရက်

သို့
**ပြည်ထောင်စုဝန်ကြီးရုံး**
**ပို့ဆောင်ရေးဝန်ကြီးဌာန**

အကြောင်းအရာ ။ **Myanmar Agribusiness Public Corporation Ltd.၏ သီလဝါ ဆိပ်ကမ်းဒေသ၌ လုပ်ငန်းဆောင်ရွက်မည့် မြေကွက်နှင့်စပ်လျဉ်း၍ တင်ပြပေးရန် ကိစ္စ**

ရည် ညွှန်း ချက် ။ MAPCO Ltd. ၏ (၂၂-၂-၂၀၁၃) ရက်စွဲပါ စာအမှတ်၊ MAPCO/ BO/ 2013(၀၅၆)

၁။ မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ်မှ ထူထောင်ထားသည့် Myanmar Agribusiness Public Corporation Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ သီလဝါ ဆိပ်ကမ်းဒေသ၌ Integrated Rice Complex တည်ဆောက်ပြီး ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် ဆိပ်ကမ်းနေရာတစ်ခု ခွင့်ပြုပေးနိုင်ပါရန် တင်ပြလျှောက်ထားလာခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ပသို့ ဆန်စပါး ပိုမိုတင်ပို့ရောင်းချနိုင်ရေးအတွက် သီလဝါဆိပ်ကမ်းဒေသ၊ မြေကွက်အမှတ်(၂၈)ကို Myanmar Agribusiness Public Corporation Ltd. သို့ သက်ဆိုင်ရာ အခကြေးငွေများ ပေးသွင်းစေလျက် နေရာချထား လုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် အကြောင်းကြားအပ်ပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)
(အောင်နိုင်ဦး၊ညွှန်ကြားရေးမှူးချုပ်)

မိတ္တူ
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
ပို့ဆောင်ရေးဝန်ကြီးဌာန
Myanmar Agribusiness Public Corporation Ltd.
ရုံးလက်ခံ/ မျှောစာတွဲ

Transport MAPCO.docx

MAPCO
MYANMAR AGRIBUSINESS PUBLIC CORPORATION LIMITED **(MAPCO)**

# MRF LEADERSHIP PROGMME

နိုင်ငံတော်၏လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်ကို တဖက်တလမ်းမှ အထောက်အကူပြုနိုင်ရန်၊ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်နှင့် ဆန်စပါးဆိုင်ရာအသင်းများတွင် အသင်းဝင်ထားသူများ၏ မိသားစုဝင်များအနက်မှ ပညာအရည်အချင်း ထူးချွန်သော်လည်း ငွေကြေးမပြည့်စုံမှုကြောင့် ပညာဆက်လက်ဆည်းပူးရန် အခက်အခဲရှိနေသူများအတွက် ကူညီထောက်ပံ့ပေးရန်၊ အနာဂတ်မြန်မာနိုင်ငံအတွက် ဘက်စုံအရည်အချင်းနှင့် အတွေးအခေါ်ပြည့်ဝသော ခေါင်းဆောင်ကောင်းများ မွေးထုတ်ပေးရန် ၊ ကျေးလက်ဒေသတွင် နေထိုင်သောဆန်စပါးလုပ်ငန်း၊ လယ်ယာမိသားစုဝင်များ၏ပညာရေးဆိုင်ရာလိုအပ်ချက်ကို ရိုင်းပင်းကူညီသော စိတ်ဖြင့် ထောက်ပံ့ဖြည့်ဆည်းပေးရန်၊ ပညာသင်ကြားမှုကာလတစ်လျှောက်လုံး စဉ်ဆက်မပြတ် အကဲဖြတ်သည့် Continual Assessment စနစ်၊ အတန်းစာအပြင်သင်ခန်းစာပြင်ပ ဗဟုသုတကြွယ်ဝစေမည့် extracurricular activities များကိုသင်ကြား သင်ယူမှုစနစ် များ Total Professional Development အစီအစဉ်များကို ကျင့်သုံးမည်ဖြစ်ပြီး လိုအပ်ပါက ဘွဲ့လွန် futher studies နှင့် လေ့လာရေးအတွက် ပြည်ပသို့စေလွှတ်ရန်၊ အမှတ်တကယ်လိုအပ်နေသူများအတွက် ထောက်ပံ့ရန်နှင့် စဉ်ဆက်မပြတ် ပံ့ပိုး ကူညီနိုင်ရေးအတွက် ဆောင်ရွက်ရန်၊ ဤအစီအစဉ်မှပေါ်ထွန်းအောင်မြင်လာသောသူများအနေဖြင့် ဤအစီအစဉ် ဆက်လက်ရှင်သန် အကောင် အထည်ဖော် ဆောင်ရွက်သွားရေးအတွက်ဆက်လက်အကျိုးပြုရန်နှင့် ရေရှည်တည်တံ့အောင်မြင် စေရန်၊စိတ်ပါဝင်စားသူအခြား စေတနာရှင်များ၏ထောက်ပံ့ ပံ့ပိုးမှုကိုလက်ခံရန်နှင့် စနစ်တကျ ထိန်းသိမ်းကွပ်ကဲပြီး လိုအပ်ချက်ရှိသော ထူးချွန်ကျောင်းသား/ သူများကိုတိုးချဲ့ထောက်ပံ့သွားရန်ရည်ရွယ်ချက်များဖြင့် MRF LEADERSHIP PROGRAMME ဖွဲ့စည်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ တင်ပြလျှောက်ထားလာသည့်လျှောက်လွှာများများအနက်မှ ရွေးချယ်ရေးကော်မတီမှစိစစ်အတည်ပြုသော ကျောင်းသူ ကျောင်းသားများကိုရွေးချယ်ပြီး လစဉ်ထောက်ပံ့ငွေပေးအပ်သွားမည်ဖြစ်ပါသည်။ အဆိုပါ ထောက်ပံ့ငွေများကိုလည်း မြန်မာနိုင်ငံ ဆန်စပါးအသင်း ချုပ်ဥက္ကဋ္ဌနှင့်လုပ်ဖော်ကိုင်ဖက်မိတ်ဆွေများစေတနာရှင်များ၏ ထောက်ပံ့ငွေများဖြင့် မတည်ဆောင်ရွက်သွားမည်ဖြစ်သည်။ ဤအစီအစဉ်ကို စိတ်ပါဝင်စားသူများနှင့် လျှောက်ထားလိုသူများသည် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ အမှတ် ၂၉၊ အခန်း (၉၀၁-၉၀၃) ဇလ္လာUMFCCI မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်၊ ဖုန်းနံပါတ် ၂၁၈ ၂၆၆ - ၆၈ Fax: ၂၁၈ ၂၆၇ Email- ricemyanmar2010@gmial.com သို့ဆက်သွယ်စုံစမ်းမေးမြန်းပြီး လျှောက်ထားနိုင်ကြောင်းသိရှိရသည်။

(ထွန်းလင်းတင့်)

# MAPCO ကုမ္ပဏီခွဲများ

| | |
|---|---|
| MAPCO Overseas Pte Ltd | MAPCO Overseas Pte Ltd အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး၊ ဆက်သွယ်ညှိနှိုင်းရေးနှင့် ဘဏ္ဍာရေးကိစ္စများဆောင်ရွက်နိုင်ရန် စင်္ကာပူနိုင်ငံတွင် ထူထောင်ထားပါသည်။ |
| MAPCO Agri-Trade | ၂။ MAPCO Agri-Trade လယ်ယာထွက်ကုန်များကို ပြည်တွင်း၊ ပြည်ပ ကုန်သွယ်ရောင်းဝယ်နိုင်ရန် ထူထောင်ပါသည်။ |
| MAPCO Capital | ၃။ MAPCO Capital အစုရှယ်ယာအရောင်းအဝယ်ကိစ္စရပ်များ၊ ငွေကြေးနှင့်ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှု စီးပွားရေး လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန်ထူထောင်ပါသည်။ |
| MAPCO Engineering & Contracting | ၄။ MAPCO Engineering & Contracting စီမံကိန်းလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများ၊ စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းများ၊ လုပ်ကိုင်နိုင်ရန် ထူထောင်ပါသည်။ |
| MAPCO Warehousing & Logistics | ၅။ MAPCO Warehousing & Logistics လယ်ယာထွက်ကုန်သီးနှံများကို သိုလှောင်နိုင်ရန်၊ သယ်ယူပို့ဆောင်မှု၊ ကိုင်တွယ်ထိန်းသိမ်းမှု လုပ်ငန်းများဆောင်ရွက်နိုင်ရန် ထူထောင်ပါသည်။ |
| MAPCO Energy & Power | ၆။ MAPCO Energy & Power လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများ၊ စွမ်းအင်ကဏ္ဍဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းတည်ထောင်ပါသည်။ |

MYANMAR AGRIBUSINESS PUBLIC CORPORATION LIMITED (**MAPCO**)
No. (339), 3rd Floor,Room 0303, Sakura Tower, Bogyoke Aung San Road, Kyauktada Township, Yangon, Myanmar.
Tel: (95-1) 255 083, 255 084 Fax: (95-1) 255 083 E.mail: bod@mapco-ygn.com